# NEWSLETTER

MYANMAR GARMENT MANUFACTURERS ASSOCIATION

MGMA NEWSLETTER June 2018

NEWS

## 107th ILO Conference သို့ MGMA အထွေထွေ အတွင်းရေးမှူး တက်ရောက်

မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ပထမပါတ် အတွင်း ဆွစ်ဇာလန် နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်သည့် ၁၀၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ ညီလာခံ (107th ILO Conference) သို့ တက်ရောက်ခဲ့သည်။ ညီလာခံတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံနှုန်းများကို ချိုးဖောက်မှု စွပ်စွဲချက်ဖြင့် စံနှုန်းများ လိုက်နာကျင့်သုံးမှု ကော်မတီ (Committee on the Application of Standards - CAS) က စစ်ဆေးမည့် ၂၄ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံကို ထည့်သွင်းခဲ့သည်။

ယင်းသို့ စွပ်စွဲခြင်းကို တုံ့ပြန်သည့် အနေဖြင့် အသင်း၏ အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် က ILO Convention 87 နဲ့ အညီ ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ၏ အလုပ်သမား အဖွဲ့အစည်း ဥပဒေသည် အလုပ်သမား အဖွဲ့အစည်းများ ဖွဲ့စည်း တည်ထောင်ခွင့်ပေးထားသလို အလုပ်သမားအဖွဲ့အစည်းများ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကိုလည်း ပေးထားကြောင်း၊ တိုင်းပြည်အနေနဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းကို အခြေခံသည့် လူမှုအသိုင်းအဝိုင်း၏ အကောင်းဆုံး လိုအပ်ချက် များကို သိပါကြောင်း၊ CAS အနေဖြင့် တိုင်းပြည်၏ ပြည်တွင်း ဥပဒေပြဋ္ဌာန်းခြင်း (လုပ်ငန်းစဉ်များ) အပေါ် အသေးစိတ် လိုက်၍ စီမံခန့်ခွဲခြင်း (micro-managing) မပြုသင့်ကြောင်း ပြန်လည် တုံ့ပြန်ပြောဆိုခဲ့သည်။ ထို့ပြင် ILO Convention 87 ပါ အလုပ်သမား၊ အလုပ်ရှင် နှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ၊ အခြား လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ အခွင့်အရေးများကို ကျင့်သုံးရာတွင် သက်ဆိုင်ရာ တိုင်းပြည် (ယင်းအခွင့်အရေးများကို ကျင့်သုံးရာ တိုင်းပြည်) ၏ ဥပဒေကို လေးစားလိုက်နာရမည် ဟု ILO Convention 87 ၏ Article 8 တွင် အတိအလင်း ဖော်ပြထားကြောင်းလည်း ထောက်ပြခဲ့သည်။

မြန်မာ့ အထည်ချုပ် လုပ်ငန်း ကဏ္ဍသည် အလုပ်သမား အခွင့်အရေးဆိုင်ရာ အရေးကိစ္စများတွင် အပြည်ပြည်ဆိုင်ရာက လက်ခံသည့် စံနှုန်းများနှင့် ကိုက်ညီမှုမရှိကြောင်း ဝေဖန်မှုများ ရှိနေသည်။

ယင်းဝေဖန်မှုများနှင့် ပတ်သက်၍ ဒေါ်ခိုင်ခိုင်နွယ် က အလုပ်သမဂ္ဂတွေကိုယ်တိုင်က ပြဿနာတစ်ရပ် ဖြစ်နေတဲ့ အကြောင်း ပြောခဲ့သည်။ "မြန်မာ (အလုပ်သမား) ဥပဒေ အရ သမဂ္ဂအဖွဲ့ဝင်တွေ အနေနဲ့ တရားဝင် ဆန္ဒပြနိုင်တဲ့ အချက်ကို သိပါတယ်။ ဒါပေမယ့် သမဂ္ဂအဖွဲ့ဝင်တွေက တရားမဝင် နည်းလမ်းတွေကို သုံးပြီး ဆန္ဒပြကြပါတယ်။ သူတို့ အဓိက သုံးတဲ့ နည်းလမ်းတစ်ခုကတော့ စက်ရုံဝင်ပေါက်ကို ပိတ်ဆို့တာပါဘဲ။ ဒီလိုလုပ်တာဟာ မြန်မာ နိုင်ငံရဲ့ ဥပဒေ နဲ့ အပြည်ပြည်ဆိုင်ရာရဲ့ စံနှုန်း (best practice) တွေကို ချိုးဖောက်ရာရောက်ပါတယ်။ အဲသည့်လိုတွေ လုပ်ကြတော့ ရုပ်ပိုင်းဆိုင်ရာအရ ထိပ်တိုက် တွေ့တာတွေ မလွဲမသွေဖြစ်လာပါတယ်။ ဒါတွေက မြန်မာနိုင်ငံမှာ ထပ်ခါတလဲလဲ ဖြစ်နေတာပါ။ ဒီလို အကြမ်းဖက်မှုတွေထဲမှာ အလုပ်သမား သမဂ္ဂအဖွဲ့ဝင်တွေ က စက်ရုံစီမံခန့်ခွဲရေး နှင့် အခြားလူတွေ၊ သမဂ္ဂအဖွဲ့ဝင် မဟုတ်တဲ့ အလုပ်သမားတွေကို ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့ ဖြစ်ရပ် တွေပါပါတယ်။"

"ဒီလို လုပ်ရပ်တွေကို ဟန့်တားဖို့ သုံးဦးသုံးဖလှယ် ဆွေးနွေးမှုတွေကနေ နည်းလမ်းရှာရပါမယ်။ အစိုးရကလည်း အဲ့သည့် နည်းလမ်းတွေအတိုင်း အရေးယူဆောင်ရွက်မှုတွေ လုပ်ရမယ်။ ဒီလိုမှ မလုပ်ရင် အလုပ်ရှင်အလုပ်သမား ဆက်ဆံရေး နဲ့ တရားဥပဒေ စိုးမိုးရေးကို ပျက်ပြားစေပါလိမ့်မယ်။ လတ်တလော မှာ သမဂ္ဂက industrial action ဆိုပြီး လုပ်နေတဲ့ မင်းမဲ့စရိုက်တွေက ဥပဒေနဲ့ မညီပါဘူး။ ကောင်းမွန်တဲ့ အလုပ်ရှင်အလုပ်သမား ဆက်ဆံရေးအတွက် အထောက်အကူမဖြစ်ပါဘူး။" ဟု ပြောခဲ့သည်။ အဆုံးတွင် ဒေါ်ခိုင်ခိုင်နွယ် က ၂၀၁၈-၀၆-၁၉ ရက်နေ့၊ ရန်ကုန်မြို့ Jasmine ဟိုတယ်တွင် ပြုလုပ်ခဲ့သည့် နိုင်ငံခြားသား လုပ်ငန်းရှင်များ၏ သတင်းစာရှင်းလင်းပွဲ (http://www.7daydaily.com/story/126961) အကြောင်းကိုလည်း ထည့်သွင်း ပြောဆိုခဲ့သည်။

Apparel Insider ၏ ILO told to stop meddling by Myanmar garment body ကို ဘာသာပြန်ဆို၍ အကျဉ်းချုံ့ ရေးသားသည်။

## အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်း ဥပဒေ မူကြမ်း



၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်း ဥပဒေ ပြင်ဆင်ရေးအတွက် အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပ အလုပ်သမားရေးရာ ကော်မတီက ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အစည်းအဝေး တစ်ရပ်ခေါ်ယူ၍ အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်း ဥပဒေ မူကြမ်းကို ချပြဆွေးနွေးခဲ့သည်။ အစည်းအဝေးပွဲသို့ UMFCCI မှ အလုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေး ခဲ့ကြသည်။ မူကြမ်းကို https://drive.google.com/open?id=1XrNjnLHhEppD4FRxNIMWgbOr9emEBXZi တွင် ဒေါင်းလုပ်ဆွဲယူနိုင်ပါသည်။

ယင်း အစည်းအဝေးမှ ရရှိလာသော အချက်အလက်များနှင့် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်း ဥပဒေ မူကြမ်းပါ အချက် အလက်များကို ဆွေးနွေး၍ သဘောထားမှတ်ချက်များ ရယူနိုင်ရန် ၂၀၁၈-၀၆-၂၁ ရက်နေ့၊ UMFCCI ၊ မင်္ဂလာခန်းမတွင် အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်။ အစည်းအဝေးကို မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုး နှင့် ဗဟို အလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင် ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးမှတ်တမ်း ရယူရန် -

https://drive.google.com/open?id=0B5M5oZ6z0tOhNXlrRWxSSXNEVWdrdkNyZmhvNmctbWFzVTlN

PRIORITY

## အလုပ်သမား အဖွဲ့အစည်း ဥပဒေ ပြင်ဆင်ခြင်း

အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီက “၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်း ဥပဒေ” နှင့် စပ်လျဉ်း၍ ၂၀၁၈-၀၆-၀၆ ရက်နေ့တွင် အစည်းအဝေးပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြလျှက် ၂၀၁၈-၀၅-၂၉ ရက်စွဲပါ အစည်းအဝေးဖိတ်စာ ပေးပို့ခဲ့သဖြင့် UMFCCI မှ အလုပ်ရှင် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် ကော်မတီက အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်း ဥပဒေ မူကြမ်းကို ချပြဆွေးနွေးခဲ့သည်။ ယင်းမူကြမ်းသည် ၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်း ဥပဒေ ကို ပြင်ဆင်ရန် သို့မဟုတ် အစားထိုးရန် ရေးဆွဲခြင်း ဖြစ်သည်ဟု သိရသည်။

မူကြမ်းတွင် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်း ဥပဒေ ဟု အမည်တပ်ထားပြီး ၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်း ဥပဒေ ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ထားသည်။ သို့ရာတွင် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်း ဥပဒေ မူကြမ်းနှင့် ၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်း ဥပဒေ တို့အကြား အကြောင်းအရာတူ ပြဋ္ဌာန်းချက်များ၏ ပုဒ်မများ ကွဲလွဲနေသည်ကို တွေ့ရပါသည်။ ဥပမာ - ဥပဒေနှင့် ဆန့်ကျင်သည့် သပိတ်မှောက်ခြင်းဖြစ်ကြောင်း သတ်မှတ်သည့် ပြဋ္ဌာန်းချက်သည် တည်ဆဲ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ တွင် ပုဒ်မ (၄၁) ဖြစ်ပြီး အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်း ဥပဒေ မူကြမ်းတွင် ပုဒ်မ (၄၂) ဖြစ်နေသည်ကို တွေ့ရပါသည်။

အဓိကအားဖြင့် ယခင် တည်ဆဲ အလုပ်သမား အဖွဲ့အစည်း ဥပဒေတွင် ပုဒ်မ တစ်ခု၊ စာကြောင်း တစ်ကြောင်းဖြင့်သာ ပြဋ္ဌာန်းခဲ့သော အလုပ်ရှင် အဖွဲ့အစည်း ဖွဲ့စည်းခြင်း အကြောင်းကို ယခု မူကြမ်းတွင် အခန်း တစ်ခန်း အနေဖြင့် ဖြည့်စွက် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ အလုပ်ရှင် အဖွဲ့အစည်းများကို အခြေခံအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် နှင့် နိုင်ငံတော်အဆင့် အဖြစ် အဆင့်ဆင့်ဖွဲ့စည်းနိုင်ပြီး လုပ်ငန်း အမျိုးအစားအလိုက် လုပ်ငန်းရှင် ၅ ဦးထက် မနည်းရှိလျှင် အခြေခံအလုပ်သမား အဖွဲ့အစည်း ဖွဲ့စည်းနိုင်ကြောင်း ဖြည့်စွက်ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

မူကြမ်း၏ ပြစ်ဒဏ်များ အခန်းတွင် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ အလုပ်ပိတ်ခြင်း၊ အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများအား တားဆီးပိတ်ပင် ခြိမ်းခြောက်ခြင်း တို့အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက သိန်းတစ်ထောင်ထက် မနည်းသော ငွေဒဏ်ကိုဖြစ်စေ၊ ၆ လထက် မနည်းသော ထောင်ဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်စလုံးကို ဖြစ်စေ ချမှတ်ရမည် ဟု ပြဋ္ဌာန်းထားသည်။ ဥပဒေမူကြမ်းကို လေ့လာရန် အောက်ပါ Link တွင် ဒေါင်းလုပ် ရယူနိုင်ပါသည်။

https://drive.google.com/open?id=1XrNjnLHhEppD4FRxNIMWgbOr9emEBXZi

## မှားယွင်းတင်သွင်းလာသည့် ပစ္စည်းများအား ပြန်လည်တင်ပို့ခြင်းအတွက် ပို့ကုန်လိုင်စင်ကင်းလွတ်



အထည်ချုပ်လုပ်ငန်းများအတွက် တင်သွင်းလာသော ကုန်ပစ္စည်းများအနက် Order Style နှင့် လွဲ၍ တဖက်နိုင်ငံမှ မှားယွင်းစွာ ပေးပို့လာသည့် ပစ္စည်းများ၊ အရည်အသွေး မကောင်းသော ပစ္စည်းများ၊ Order Cancel ဖြစ်သွားသော ပစ္စည်းများ၊ လိပ်စာမှားယွင်း ရောက်ရှိ လာသော ပစ္စည်းများကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်တင်ပို့ချိန်တွင် အကောက်အခွန် ဦးစီးဌာန၌ ပို့ကုန်ကြေငြာလွှာ ပြုလုပ်၍ တင်ပို့ခဲ့ကြပါသည်။ သို့သော် မကြာသေးခင်က အကောက်အခွန် ဦးစီးဌာနမှ MACCS စနစ်အရ ယင်းကဲ့သို့ တင်ပို့ခြင်းများ အတွက် ပို့ကုန်လိုင်စင်လိုအပ်မည် ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) က ၂၀၁၈-၀၅-၀၉ ရက်စွဲဖြင့် စာတစ်စောင်ပေးပို့၍ CMP လုပ်ငန်းရှင်များအနေဖြင့် ယခင်ဆောင်ရွက်နေသည့် ပုံစံအတိုင်း ပို့ကုန် လိုင်စင်မလိုဘဲ ပို့ကုန်ကြေငြာလွှာဖြင့်သာ ပြန်လည်တင်ပို့ခွင့်ပြုရန် တင်ပြတောင်းဆိုခဲ့ပါသည်။

ယင်းသို့ တင်ပြတောင်းဆိုခဲ့ခြင်းကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန က ၂၀၁၈-၀၆-၁၅ ရက်စွဲဖြင့် စာအမှတ် - ကသရ(ဦး)၊ ပို့/သွင်း/၂၀၁၈ (၁၄၆၂) ကို ပေးပို့၍ "အခြားနိုင်ငံမှ မှားယွင်းတင်ပို့မှုများအတွက် ပြန်လည်တင်ပို့ရာတွင် လိုင်စင် ကင်းလွတ်ခွင့် ပြုမည်" ဖြစ်ကြောင်း အကြောင်းကြားလာခဲ့ပါသည်။

## Seduno စက်ရုံပိတ်ခြင်း



"အသိပေးကြေငြာချက်"

ချစ်ခင်လေးစားအပ်ပါသော ဝန်ထမ်းများ ခင်ဗျာ

Seduno ( Myanmar) Fashion Co.,Ltd. သည် ကုန်ထုတ်လုပ်မှု အထွက်နည်းခြင်း၊ အချိန်မှီ Export မ ပြုလုပ်နိုင်ခြင်း ၊ စက်ရုံငှားရမ်းခ ကြီးမားလာခြင်းနှင့် အနည်းဆုံး လုပ်ခလစာတိုးမြင့် လာခြင်း တို့ကြောင့် စက်ရုံဆက်လက် ရပ်တည်နိုင်မှု ခက်ခဲလာသည့်အတွက် (၁.၇.၂၀၁၈) ရက်နေ့မှစတင်၍ စက်ရုံပိတ်သိမ်း ပါမည် ။ ဝန်ထမ်းများ၏ လုပ်ခလစာနှင့် ဥပဒေ ပါ နစ်နာ ကြေးများကို(၃၀.၆.၂၀၁၈) ရက်နေ့နံနက် ၁၀ နာရီတွင် စတင် ထုတ်ပေးပါမည်။

မှတ်ချက်။ သက်ဆိုင်ရာ အလုပ်သမားဝန်ကြီးဌာနမှအရာရှိများလာ ရောက်ကြည့်ရှုစစ်ဆေးပေးပါမည်။

ပိတ်ဆို့ အကြမ်းဖက်ခြင်း၊ အော်ဟစ် ဆဲဆို ခြိမ်းခြောက်ခြင်း၊ HR Manager ၏ ဦးခေါင်းကို ထမင်းချိုင့်ဖြင့် ရိုက်ခြင်းနှင့် ကပ်လျှက် ဘုန်းကြီးကျောင်းဝန်း အတွင်းသို့ လှေကားထောင် ကျော်ဝင်ပြီး ဘုန်းကြီး၏ ကားဖြင့် လူနာကို ဆေးရုံပို့ရခြင်း စသည့် စိတ်လှုပ်ရှားဖွယ် အဖြစ်အပျက်များကြောင့် Seduno (Myanmar) Fashion အထည်ချုပ်စက်ရုံ အလုပ်သမား ဆန္ဒပြပွဲသည် ၂၀၁၈ ခုနှစ်၊ နှစ်ဦးပိုင်း ထူးခြား ဖြစ်စဉ် တစ်ခုအဖြစ် စာရင်းဝင်ခဲ့သည်။ ယင်းဆန္ဒပြပွဲနောက်ပိုင်း (၄)လကျော် အကြာ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်တော့ Seduno (Myanmar) Fashion အထည်ချုပ်စက်ရုံ ပိတ်သိမ်းသွားပြီးဖြစ်ပါသည်။ ၂၀၁၈-၀၆-၃၀၊ နံနက် ၁၀ နာရီမှစ၍ ဝန်ထမ်းများအား ဥပဒေနှင့်အညီ နစ်နာကြေးများ၊ လုပ်အားခကျန်ငွေများ၊ အခြားခံစားခွင့်များ ထုပ်ပေးခဲ့သည်ဟု သိရသည်။ စက်ရုံပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေး ကြေငြာစာတွင် "ကုန်ထုတ်လုပ်မှု အထွက်နည်းခြင်း၊ အချိန်မီ Export မပို့နိုင်ခြင်း၊ စက်ရုံငှားရမ်းခ ကြီးမားလာခြင်းနှင့် အနည်းဆုံး အခကြေးငွေ တိုးမြင့်လာခြင်း" တို့ကြောင့် စက်ရုံဆက်လက်ရပ်တည်နိုင်မှု ခက်ခဲလာသည့်အတွက် ၂၀၁၈-၀၇-၀၁ မှစ၍ စက်ရုံပိတ်သိမ်းပါမည်ဟု ဖော်ပြထားသည်။ CTUM နှင့် ချိတ်ဆက်သော အခြေခံအလုပ်သမားအဖွဲ့အစည်း ရှိနေခဲ့ပြီး H&M Brand ကို အဓိက ထုတ်လုပ်ခဲ့သော Seduno (Myanmar) Fashion အထည်ချုပ်စက်ရုံသည် တရုတ်လူမျိုးပိုင် စက်ရုံတစ်ခုဖြစ်သည်။ ပိတ်သိမ်းချိန်တွင် အလုပ်သမားဦးရေ စုစုပေါင်း ၄၈၈ ဦး ရှိသည်ဟု သိရသည်။

စက်ရုံများတွင် ဥပဒေပါ အခွင့်အရေးများထက်ပိုသော အကျိုးစီးပွားကို တောင်းဆိုကြရာ၌ အလုပ်သမားများ အနေဖြင့် အပေး (ကုန်ထုတ်လုပ်မှု၊ စည်းကမ်းလိုက်နာမှု စသည်)၊ အယူ (ပိုက်ဆံ၊ အခြား အခွင့်အရေး) လုပ်၍ အားထုတ်ကြိုးပမ်းခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းတို့ ပြုလုပ်ရမည့်အစား စုပေါင်း ကုန်ထုတ်လုပ်မှု လျှော့ချခြင်း၊ ဥပဒေနှင့် ကိုယ်ကျင့်တရား စံနှုန်းများကို လက်တစ်လုံးခြားလှည့်ပတ်ခြင်းတို့ ပြုလုပ်လာကြသည်ကို စိတ်မကောင်းစရာ တွေ့လာရပါသည်။ ယင်းအပြုအမူများကို ဖော်ထုတ်အရေးယူရန် ခက်ခဲလှသည်။ “ခိုင်လုံသော အကြောင်းပြချက်” ဖြင့်သာ အလုပ်ထုတ်ရမည် ဆိုသည့် ဥပဒေပြဌာန်းချက်ကလည်း ယင်း အပြုအမူများ ကို အကာအကွယ် ပေးသကဲ့သို့ ဖြစ်နေသည်။

## ACTIVITY

### EC Kick-Off Meeting





မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ အသင်းအဖွဲ့ လုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကျိုက်ထီးရိုး၊ ကင်ပွန်းစခန်း၊ Pepper Garden Resort ၌ Strategy Development and Planning Workshop ကို AVE - Foreign Trade Association of German Retail Trade ၏ ထောက်ပံ့မှုဖြင့် ပြုလုပ်ခဲ့သည်။ ယင်း Workshop မှ ထွက်ပေါ်လာသော လုပ်ငန်းအစီအစဉ်နှင့် စိတ်ကူးအကြံဉာဏ်များကို အကောင်အထည်ဖော်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈-၁၀ ရက်တို့တွင် ရန်ကုန်မြို့ Lotte Hotel ၌ EC Kick-Off Meeting ကို AVE ၏ ထောက်ပံ့မှုဖြင့်ပင် ဆက်လက် ပြုလုပ်ခဲ့သည်။

### HR Management Development သင်တန်းများ ပို့ချ

မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း နှင့် AVE - Foreign Trade Association of German Retail Trade တို့ ပူးပေါင်း၍ အသင်းဝင် စက်ရုံများရှိ HR မန်နေဂျာများ၊ Admin မန်နေဂျာများ၏ စီမံခန့်ခွဲမှုစွမ်းရည် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် Problem Solving on Reducing Turnover and Absenteeism သင်တန်းများ ပို့ချပေးလျှက်ရှိသည်။ သင်တန်းများကို အုပ်စု ၄ စုခွဲ၍ ၂၀၁၈-၀၆-၁၆ ရက်မှ ၂၀၁၈-၀၇-၁၄ အထိ စနေ၊ တနင်္ဂနွေရက်များတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းရုံး သင်တန်းခန်းမနှင့် စက်ရုံများ၌ ပို့ချပေးမည် ဖြစ်ပါသည်။

## UPCOMING

| Description | Date | Place |
|---|---|---|
| 1. HR Management Improvement Training<br>In-Factory Training<br>HR Management Improvement Training for problem solving, with focus on "Reducing Turnover and Absenteeism The course is specially designed to improve social compliance standards, as well as problem solving skills and productivity in your factory. The On-site Factory Training will be individually scheduled between the participants and MCY trainer within a period of 3 weeks after the workshops. | Jun, Jul 2018<br>Aug, Oct 2018 | UMFCCI<br>On-Site |
| 2. Advanced CSR Workshop<br>Advanced CSR Workshop on Social Management System & Remediation Plan is organized by MGMA and funded by Foreign Trade Association of German Retailers - AVE | 3 - 5 July 2018 | Room - 406, UMFCCI |

## NEW MEMBERS IN APRIL 2018

| Number of New Factories in May 2018 | | 2 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| Chinese | 2 | 1381 |
| | | |
| **TOTAL** | 2 | 1381 |

## MEMBERSHIP UPDATE AS OF 2018-05-03

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 199 | 58546 |
| | Chinese | 184 | 155491 |
| | Korea | 55 | 89083 |
| | Japan | 19 | 15754 |
| | Others | 59 | 57511 |
| Inactive | All | 54 | |
| TOTAL | | 570 | 391003 |